OCHA


# မြန်မာနိုင်ငံတွင် တိုက်ပွဲများ အရှိန်မြင့်လာခြင်း

**အရေးပေါ်သတင်းအချက်အလက် အမှတ်စဉ် (၉)**

*၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့အခြေအနေ*

## အဓိကအချက်အလက်များ

- မြန်မာနိုင်ငံတွင် အောက်တိုဘာလ ၂၆ ရက်နေ့မှစ၍ တိုက်ပွဲများ အရှိန်မြင့်လာခြင်းကြောင့် ပြည်သူ ငါးသိန်းကျော်တို့ လတ်တလော နေရပ်စွန့်ခွာထွက်ပြေး နေရကြောင်း ခန့်မှန်းထားပြီး၊ နေရပ် ပြန်သွားသူများနှင့် အကြိမ်ကြိမ်နေရပ်စွန့်ခွာရမှုများ ရှိနေသည့် အတွက် ယင်းကိန်းဂဏန်းမှာ တည်ငြိမ်မှုမရှိသေးဘဲ၊ ဆက်သွယ် ရေးအခက်အခဲများလည်း ရှိနေခြင်းကြောင့် ယင်း ကိန်းဂဏန်းများကို အတည်ပြုရန် မလွယ်ကူပါ။ ဤအရေအတွက်မှာ လက်ရှိတိုက်ပွဲများ အရှိန်မမြင့်မီက ပင် နေရပ်စွန့်ခွာနေကြရသည့် ပြည်သူ နှစ်သန်းရှိထား ပြီးသည့် အခြေအနေတွင် နေရပ်စွန့်ခွာရသူ အသစ်များ ထပ်တိုးလာခြင်းဖြစ်သည်။
- မြန်မာနိုင်ငံ၏ သုံးပုံနှစ်ပုံခန့်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့အမျိုးမျိုးနှင့် မြန်မာ့တပ်မတော် (MAF) တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ သည်။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး အရှေ့ပိုင်း၊ ကရင်ပြည်နယ်တို့တွင် ဒီဇင်ဘာလအစောပိုင်းက ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ နှင့် အခက်အခဲများ ထပ်မံပေါ်ပေါက်လာကြောင်း အစီရင်ခံထားသည်။
- လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများနှင့် မိတ်ဖက်အဖွဲ့များသည် လုံခြုံရေးစိတ်မချရခြင်းနှင့် သွားလာရေး၊ ဆက်သွယ်ရေး အခက်အခဲများ ရှိနေသည့်ကြားမှပင် အခြေအနေပေးသည့်နေရာများတွင် ဘေးဒဏ်သင့် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော လူသားချင်းစာနာမှု အကူအညီများကို နည်းလမ်းအမျိုးမျိုး ပြောင်းလဲအသုံးပြု၍ ဆက်လက်ပေးအပ်နေပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လတ်တလောနေရပ်စွန့်ခွာရသူများအနက် ၈၅ ရာခိုင်နှုန်းခန့်သည် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံ အကူအညီ ပုံစံအမျိုးမျိုးတို့ကို အနည်းဆုံးတစ်ကြိမ် လက်ခံရရှိခဲ့ကြသော်လည်း၊ ယင်းအကူအညီများသည် နေရပ်စွန့်ခွာရသူများ၏ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် လုံလောက်ခြင်းမရှိသေးပါ။




The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to Coordinate the global emergency response to save lives and protect people in humanitarian crises. We advocate for effective and principled humanitarian action by all, for all.
**www.unocha.org/myanmar**
**Subscribe to OCHA Myanmar Products**

- ပုံမှန်အားဖြင့် လူသားချင်းစာနာမှုအကူအညီများကိုသာ အလွန်အမင်းမှီခို၍ ရှင်သန်နေကြရသည့် ဒေသအချို့ရှိ နေရပ်စွန့်ခွာရသူများ အပါအဝင် လိုအပ်ချက်များရှိနေသည့် ပြည်သူအားလုံးသို့ ပုံမှန်အကူအညီများထောက်ပံ့ပေးနိုင်ရေးအတွက် ကြီးမားသော လိုအပ်ချက်များနှင့် အကူအညီပေးရန်လစ်ဟာမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။
- ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် အထူးသဖြင့် တရုတ်-မြန်မာနယ်စပ်ဒေသအပါအဝင် ဘေးဒဏ်သင့်ပြည်သူများကို ပိုမိုကူညီပေးနိုင်ရေးအတွက် ဝင်ရောက်ကူညီခွင့်ရရှိနိုင်မည့် လမ်းကြောင်းများကို ရှာဖွေကြံဆနေကြသည်။
- အဓိကအခက်အခဲများတွင် လမ်းများ ပိတ်ထားခြင်း၊ သွားလာမှုကန့်သတ်ချက်များရှိခြင်းနှင့်အတူ အကူအညီလုပ်သားများ၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များလည်း ပါဝင်ကြသည်။ လောင်စာဆီအကျပ်အတည်း၊ ဆိုးရွားသော ဘဏ်လုပ်ငန်းပြဿနာများ၊ မြင့်တက်လာသော ကုန်ဈေးနှုန်းများကြောင့်လည်း တုံ့ပြန်ရေးလုပ်ငန်းများကို ပိုမိုရှုပ်ထွေးလာစေသည်။
- ရခိုင်ပြည်နယ်တွင် ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ ရှားပါးလာခြင်းကြောင့် မိုခါမုန်တိုင်းနှင့် နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သည့် ပဋိပက္ခများ၏ အကျိုးဆက်များကို ခံစားနေကြရသည့် နိုင်ငံတွင်းနေရပ်စွန့်ခွာရသူများ (IDPs) အပါအဝင် ထိခိုက်လွယ်သော ရပ်ရွာအသိုက်အဝန်းများနှင့် ပြည်သူတစ်ရပ်လုံးအတွက် ခက်ခဲကျပ်တည်းမှုများကို ထပ်မံဖြစ်ပေါ်လာစေသည်။
- မြန်မာနိုင်ငံ၏ ၂၀၂၃ ခုနှစ်လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် (HRP) အတွက် အလှူရှင်များထံမှ ရန်ပုံငွေလိုအပ်ချက်၏ ၂၉ ရာခိုင်နှုန်းကိုသာ လက်ခံရရှိထားပြီး၊ ရန်ပုံငွေရရှိမှု အလွန်နည်းပါးနေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နေသူများက မြန်မာနိုင်ငံတွင် မြင့်တက်လာနေသော လိုအပ်ချက်များကို ထိရောက်စွာဖြင့် အရှိန်မြှင့်တင်ကူညီပေးနိုင်ရေးအတွက် ရန်ပုံငွေများကို အဆောတလျင်ထောက်ပံ့ပေးရန် အရေးတကြီးလိုအပ်နေပါသည်။

## အခြေအနေသုံးသပ်ချက်

တိုက်ပွဲများ တကျော့ပြန်ဖြစ်လာပြီး ရက်သတ္တ (၆) ပတ် ကြာမြင့်လာပြီဖြစ်သည့်အချိန်တွင် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အများအပြား၌ EAOs နှင့် PDFs များအပါအဝင် လက်နက်ကိုင်အဖွဲ့ အမျိုးမျိုးနှင့် MAF တို့အကြား ပြင်းထန်သော တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေပါသည်။ အဆက်မပြတ်ဖြစ်ပွားနေသော တိုက်ပွဲများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်းများ၊ ဥပဒေမဲ့ ဖမ်းဆီးမှုများ၊ လမ်းပိတ်ဆို့ထားမှုများကြောင့် အရပ်သားပြည်သူများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ လျင်မြန်စွာ တိုးလာပြီး၊ မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးသည်လည်းကောင်း၊ ဘေးလွတ်ရာရှာဖွေနေကြသည့် ပြည်သူများ၏ ရွှေ့လျားသွားလာရေးသည်လည်းကောင်း ဆိုးရွားစွာ ကန့်သတ်ခံနေရပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ နှောင်းပိုင်းမှစ၍ အရှိန်မြင့်လာသည့် တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပြည်သူ ၅၇၈၀၀၀ ကျော်သည် လတ်တလောနေရပ်စွန့်ခွာထွက်ပြေးနေရကြောင်း ခန့်မှန်းထားသည်။ သို့သော် လက်ရှိအခြေအနေတွင် ပြည်သူများသည် နေရပ်စွန့်ခွာခိုလှုံရာနေရာများနှင့် မူရင်းဒေသများအကြားတွင် အပြန်အလှန် သွားလာရွှေ့လျားနေကြသည့်အတွက် ဤကိန်းဂဏန်းများကို အတည်ပြုရန် အလွန်ခက်ခဲနေပါသည်။ ပဋိပက္ခဒဏ်သင့်ဒေသအများအပြားတွင် ဆက်သွယ်ရေးပြတ်တောက်မှုများရှိနေခြင်းကြောင့် ကိန်းဂဏန်းအတည်ပြုရေးလုပ်ငန်းများကို အခက်အခဲပိုဖြစ်စေသည်။ ဒေသအများအပြားတွင် ကိန်းဂဏန်းများကို တိုက်ဆိုင်စိစစ်ရန် ဆက်လက်ကြိုးပမ်းနေဆဲဖြစ်သည်။ နေရာအနှံ့အပြားတွင် နေရပ်စွန့်ခွာရမှုများကြောင့် လတ်တလောနေရပ်စွန့်ခွာရသူများနှင့် ကာလရှည်ကြာကပင် နေရပ်စွန့်ခွာခဲ့ရသူများအတွက်လည်းကောင်း၊ အိမ်ရှင်ရပ်ရွာလူထုအတွက်လည်းကောင်း အရေးကြီးသော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ဖြစ်ပေါ်နေသည်။ ရက်သတ္တ (၆) ပတ် ကာလအတွင်းတွင် တိုက်ပွဲများနှင့် ဆက်စပ်ဖြစ်ရပ်များကြောင့် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အရပ်သား ၃၆၃ ဦးသေဆုံးခဲ့ရပြီး၊ ၄၆၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြေပြင်သတင်းများက ဖော်ပြခဲ့သည်။

ပဋိပက္ခဒဏ်သင့်ဒေသများတွင် အရေးအကြီးဆုံးသော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များမှာ စားနပ်ရိက္ခာ၊ ဘေးကင်းသော ခိုလှုံရာနေရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ တကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ၊ အခြေခံကျန်းမာရေးဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေး အကူအညီများဖြစ်ကြောင်း လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များက သတ်မှတ်ဖော်ထုတ်ထားသည်။ ဘာသာရေး

အဖွဲ့အစည်းများနှင့် ဒေသခံတုံ့ပြန်ဆောင်ရွက်သူများသည် လူသားချင်းစာနာမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သွားလာဝင်ရောက်နိုင်သည့် နေရာတိုင်းတွင် နေရပ်စွန့်ခွာရသူများနှင့် ဘေးဒဏ်သင့်ပြည်သူများသို့ အရေးကြီးသော အသက်ကယ်ဆယ်ရေးအကူအညီများကို ဆက်လက်ထောက်ပံ့ပေးနေသည်။ ရန်ပုံငွေရရှိမှုနည်းပါးခြင်းနှင့် မမျှော်မှန်းနိုင်သော လိုအပ်ချက်များ လျင်မြန်စွာမြင့်တက်လာခြင်းတို့ကြောင့် ထောက်ပံ့ရေး ပစ္စည်းများ မြန်ဆန်စွာ ကုန်ဆုံးလာခြင်းအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ အလွန်အမင်း ခက်ခဲနေသည့်ကြားမှပင်၊ လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များသည် တိုက်ပွဲများဖြစ်ပွားနေပြီး လူသားချင်းစာနာမှုလိုအပ်ချက်များ မြင့်မားနေသည့် ပြည်နယ်/တိုင်းဒေသကြီးများစွာတို့တွင် ပေါ်ထွက်လာနေသည့် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရေးအတွက် အလျင်အမြန်ဖြန့်ဝေပေးရမည့် အသက်ကယ်ဆယ်ရေးပစ္စည်းများကို သယ်ယူပို့ဆောင်ရန် စီစဉ်နေကြသည်။ တိုက်ပွဲများအရှိန်မြင့်လာခြင်းနှင့် နေရပ်စွန့်ခွာရမှု များပြားလာခြင်းတို့ကြောင့် အထိခိုက်ခံရဆုံးပြည်သူများသို့ အသက်ရှင်သန်ရေးအကူအညီများထောက်ပံ့ပေးနိုင်ရန်အတွက် ကုလသမဂ္ဂအရေးပေါ် ကယ်ဆယ်ရေး ဗဟိုရန်ပုံငွေ (CERF) မှ အရေးပေါ်ခွဲဝေချထားငွေ အမေရိကန်ဒေါ်လာ ၇ သန်းကို ယခုအပတ်အတွင်း ခွင့်ပြုပေးခဲ့သည်။

## လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများ

### အရှေ့မြောက်ပိုင်းဒေသ

- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဒီဇင်ဘာလအတွင်း ပြင်းထန်သော တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ ဒီဇင်ဘာလ ၂ ရက်မှ ၆ ရက်အထိ ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြီးများကြောင့် နမ့်ခမ်း၊ မူဆယ်၊ ကျောက်မဲနှင့် သိန္နီမြို့နယ်တို့တွင် ကလေးသူငယ် ၄ ဦးအပါအဝင် အရပ်သား ၂၀ ဦး သေဆုံးခဲ့ပြီး၊ လူနေအိမ် ဒါဇင်ပေါင်းများစွာ ပျက်စီးခဲ့ရသည်။ အောက်တိုဘာလနှောင်းပိုင်းမှစ၍ တိုက်ပွဲများနှင့်ဆက်စပ်ဖြစ်ရပ်များကြောင့် မြို့နယ်အများအပြားတွင် အရပ်သား ၁၂၆ ဦးသေဆုံးပြီး ၂၀၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ၊ လူနေအိမ် ၄၀၀ ခန့် ထိခိုက်ပျက်စီးခဲ့သည်။ တိုက်ပွဲများအရှိန်မြင့်လာချိန်မှစ၍ အဆက်မပြတ်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ပြည်သူ ၁၁၅၀၀၀ ဦးတို့သည် မိမိတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဒီဇင်ဘာလ ၇ ရက်နေ့အထိ အခြေအနေအရ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် ၂၂ မြို့နယ်အနက် ၁၆ မြို့နယ်ရှိ ခိုလှုံရာ နေရာ ၁၇၈ နေရာ၌ နေရပ်စွန့်ခွာရသူ ၁၀၅၀၀၀ ဦးဆက်လက်ရှိနေပြီး၊ ၁၀၀၀၀ ဦးမှာ မူရင်းဒေသများသို့ ပြန်သွားခဲ့သည်။ လတ်တလောနေရပ်စွန့်ခွာရသူများသည် အဓိကအားဖြင့် ဘာသာရေးနေရာများနှင့် အိမ်ရှင်ရပ်ရွာများတွင်လည်းကောင်း၊ တောတောင်များအတွင်းရှိ ယာယီခိုလှုံရာနေရာများနှင့် တရုတ်-မြန်မာနယ်စပ်အနီးရှိ လယ်ကွင်းများတွင်လည်းကောင်း ခိုလှုံနေကြရသည်။
- လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များသည် နေရပ်စွန့်ခွာခိုလှုံရာနေရာ ၁၇၈ နေရာအနက် ၇၀ ရာခိုင်နှုန်းသို့ ဝင်ရောက်ကူညီခွင့်ရရှိခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာရသူများအနက် ၈၅ ရာခိုင်နှုန်းခန့်သည် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံအကူအညီအမျိုးမျိုးကို အနည်းဆုံးတစ်ကြိမ် လက်ခံရရှိခဲ့သည်။ သို့သော် ယင်းအကူအညီများသည် နေရပ်စွန့်ခွာရသူများ၏ လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် လုံလောက်ခြင်းမရှိပါ။ လောက်ကိုင်မြို့နယ်နှင့် ထိစပ်နေသော တရုတ်-မြန်မာ နယ်စပ်ဒေသများတွင် နေရပ်စွန့်ခွာရသူ ၄၀၀၀၀ ကျော်တို့သည် အကူအညီများကို မဆိုစလောက်သာ ရရှိခဲ့ကြသည်။ ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဤဒေသတွင် ပေါ်ထွက်လာနေသော လူသားချင်းစာနာမှုလိုအပ်ချက်များကို ဝင်ရောက်ကူညီ၍ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းနေကြသည်။
- ကချင်ပြည်နယ်တွင် လုံခြုံရေးအခြေအနေမှာ တည်ငြိမ်မှုမရှိသေးဘဲ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ထိစပ်နေသော ဒေသများတွင် စစ်ရေးတင်းမာမှုများရှိနေပြီး၊ တိုက်ပွဲများဆက်လက် ဖြစ်ပွားနေသည်။ နယ်မြေချင်းထိစပ်နေသည့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အောက်တိုဘာလနှောင်းပိုင်း၌ တိုက်ပွဲများ အရှိန်မြင့်လာချိန်မှစ၍ ကြီးမားသည့် နေရပ်စွန့်ခွာရမှု အစီရင်ခံချက်များ မရှိသော်လည်း၊ စားနပ်ရိက္ခာနှင့် လောင်စာဆီအပါအဝင် အခြေခံကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာနေသည်။ ကချင်ပြည်နယ်တွင် ဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများ ရရှိရန် အခက်အခဲဖြစ်နေပြီး၊ အချို့ဒေသများတွင် မဆိုစလောက်သာ ရရှိခြင်း သို့မဟုတ် လုံးဝပြတ်တောက်ခြင်းတို့ကို ကြုံတွေ့နေရသည့်အတွက် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များအချင်းချင်း ဆက်သွယ်မှုများအပါအဝင် ဆက်သွယ်မှုများ အားလုံးကို ထိခိုက်စေပါသည်။

### ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း

- ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းတို့တွင်၊ မြန်မာ့တပ်မတော် (MAF) နှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး၊ မောင်တော၊ ပေါက်တောနှင့် ပလက်ဝမြို့နယ်တို့တွင် ယနေ့အထိ တိုက်ပွဲများပြင်းထန်နေဆဲဖြစ်ကြောင်း အစီရင်ခံထားသည်။ မည်သူမည်ဝါမခွဲခြားဘဲ လက်နက်ကြီး၊ လက်နက်ငယ် ရမ်းသမ်းပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးမှုများမြင့်တက်လာပြီး၊ နိုဝင်ဘာလ

၁၃ ရက်နေ့မှ ဒီဇင်ဘာလ ၄ ရက်နေ့အထိ ကာလအတွင်း အရပ်သား ၃၂ ဦးသေဆုံးကာ၊ ၉၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တိုက်ပွဲများ တကျော့ပြန်ဖြစ်ပွားချိန်မှစ၍ ရခိုင်ပြည်နယ်အနှံ့အပြားတွင် ဥပဒေမဲ့ဖမ်းဆီးခံရမှုများ ဆက်လက်ဖြစ်ပွားနေရာ၊ လူပေါင်း ၁၃၀ ကျော်သည် တရားမဝင်အဖွဲ့အစည်းနှင့် ဆက်သွယ်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည်။ ပုဏ္ဏားကျွန်းနှင့် ပေါက်တော မြို့နယ်တို့တွင် ရာနှင့်ချီသော လူနေအိမ်များ မီးရှို့ခံခဲ့ရသည်။ တကျော့ပြန်တိုက်ပွဲများကြောင့် နိုဝင်ဘာလ ၁၃ ရက်နေ့မှစ၍ ပေါက်တော၊ မင်းပြားနှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ အများစုပါဝင်သည့် ပြည်သူ ၁၀၁၀၀၀ ကျော်သည် လတ်တလောနေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

- ယခင်ရှိနှင့်ပြီးသည့် IDPs များနှင့် လတ်တလောနေရပ်စွန့်ခွာရသူ ၂၀၅၀၀၀ ဦးအတွက် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများမှာ ရေလမ်း၊ ကုန်းလမ်းများကို ပိတ်ဆို့ထားခြင်း၊ ခရီးသွားခွင့်ပြုမိန့်မရှိခြင်းတို့ကြောင့် ကြီးမားသော အခက်အခဲများ ကြုံနေရသည်။ လမ်းပိတ်ဆို့ထားမှုများကြောင့် ဈေးကွက်အတွင်းတွင် မရှိမဖြစ်လိုအပ်သော ပစ္စည်းများ ရှားပါးလာပြီး ဈေးနှုန်းများ မြင့်တက်လာသည်။ ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် အကန့်အသတ်ဖြင့်သာ ဝယ်ယူရရှိနိုင်မှုကြောင့် စားနပ်ရိက္ခာရှားပါးမှုသည် အထူးသဖြင့် ဝင်ငွေနည်းမိသားစုများအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်လာသည်။ လောင်စာဆီလက်ကျန်နည်းလာပြီး၊ ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာခြင်းကြောင့် ဒေသခံအဖွဲ့အစည်းများ၏ အကူအညီပေးနိုင်စွမ်းကို ထိခိုက်နေပါသည်။ ဤကဲ့သို့ အလွန်ကြီးမားသော အခက်အခဲများရှိနေသည့်ကြားမှပင် ဒေသခံအဖွဲ့အစည်းနှင့် တုံ့ပြန်ဆောင်ရွက်သူအနည်းငယ်တို့က ဘေးဒဏ်သင့်ပြည်သူအချို့သို့ အကူအညီများကို တတ်နိုင်သမျှ ပေးအပ်နိုင်ရန် ကြိုးပမ်းစီစဉ်နေကြသည်။

## အနောက်မြောက်ပိုင်းဒေသ

- အနောက်မြောက်ပိုင်းဒေသတွင်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ဟုမ္မလင်း၊ မြင်းမူနှင့် ပုလဲမြို့နယ်များတွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ ချောက်၊ ဂန့်ဂေါ၊ ဆောနှင့် ဆိပ်ဖြူမြို့နယ်များတွင်လည်းကောင်း နိုဝင်ဘာလအစောပိုင်းမှစ၍ တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။ အကျိုးဆက်အဖြစ် ဟုမ္မလင်းနှင့် ဆောမြို့နယ်တို့မှ ပြည်သူ ၇၃၀၀ ခန့်သည် မိမိတို့ နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည်။ နိုဝင်ဘာလအစောပိုင်းမှစ၍ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရပ်စွန့်ခွာနေရသည့် IDPs ၁၇၀၀၀၀ ဦးရှိနေသည့်အခြေအနေတွင် ဤအရေအတွက် ထပ်တိုးလာခြင်းဖြစ်ပြီး၊ ကိန်းဂဏန်းများကို စိစစ်အတည်ပြုနေဆဲဖြစ်သည်။ မည်သူမည်ဝါမခွဲခြားဘဲ ရမ်းသမ်းပစ်ခတ်မှုများ၊ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများ ပါဝင်သည့် တိုက်ပွဲများကြောင့် အရပ်သား ၁၁၂ ဦးသေဆုံးပြီး၊ ၆၀ ဦး ထိခိုက်ဒဏ်ရာရရှိကာ၊ လူနေအိမ်နှင့် ဘာသာရေးအဆောက်အဦ ၄၃၀ ခန့် ပျက်စီးခဲ့ရသည်။
- တိုက်ပွဲများ အဆက်မပြတ်ဖြစ်ပွားနေခြင်း၊ လူသားချင်းစာနာမှုလုပ်သားများ၏ ဘေးကင်းလုံခြုံရေးကို စိုးရိမ်ရခြင်း၊ လမ်းများ ပိတ်ဆို့ထားခြင်း၊ သွားလာမှုများကို ကန့်သတ်ထားခြင်း၊ ခရီးသွားခွင့်ပြုမိန့်မရှိခြင်းတို့ကြောင့် လူသားချင်းစာနာမှုအကူအညီများ ဝင်ရောက်ပေးအပ်ရေးကို နှောင့်နှေးစေပြီး၊ လောင်စာဆီအကျပ်အတည်းနှင့် ဆိုးရွားသည့် ဘဏ်လုပ်ငန်းပြဿနာများကလည်း အခြေအနေကို ထပ်မံရှုပ်ထွေးစေပါသည်။ သို့ရာတွင် လူသားချင်းစာနာမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအခြေခံသည့် အဖွဲ့အစည်းများသည် လိုအပ်ချက်ရှိနေသည့် ပြည်သူများသို့ အကူအညီများကို တတ်နိုင်သမျှ ဆက်လက်ပေးအပ်နေသည်။ မန္တလေးတိုင်းဒေသကြီးတွင် မိတ်ဖက်အဖွဲ့များက ညောင်ဦးမြို့နယ်၌ ခိုလှုံနေသည့် IDPs ၁၀၅၀၀ ဦးသို့ ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ပြင်ဦးလွင် မြို့နယ်တွင် ခိုလှုံနေသည့် IDPs ၂၄၀ ဦးသို့ စားနပ်ရိက္ခာအကူအညီများကိုလည်းကောင်း ပေးအပ်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အရာတော်၊ အင်းတော်၊ ကလေး၊ ကသာ၊ ကောလင်း၊ မော်လိုက်၊ ထီးချိုင့်၊ တမူး၊ ဝက်လက်၊ ရေဦးနှင့် ယင်းမာပင်မြို့နယ်များရှိ IDPs ၁၀၀၀၀ နီးပါးသို့ ဘက်စုံသုံးငွေကြေးအကူအညီများ ပေးအပ်ခဲ့သည်။

## အရှေ့တောင်ပိုင်းဒေသ

- အရှေ့တောင်ပိုင်းဒေသရှိ ပြည်နယ်/တိုင်းဒေသကြီးအားလုံးနီးပါးတွင် ဒီဇင်ဘာလ ပထမပတ်အတွင်း၌ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကယားပြည်နယ်ရှိ ဒီမောဆို၊ ဖရူဆိုနှင့် လွိုင်ကော်မြို့နယ်များ၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဖယ်ခုံမြို့နယ်နှင့် ကရင်ပြည်နယ်ရှိ ကော့ကရိတ်မြို့နယ်များတွင် ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း အစီရင်ခံထားသည်။ မည်သူမည်ဝါခွဲခြားခြင်းမရှိဘဲ လက်နက်ကြီး၊ လက်နက်ငယ် ရမ်းသမ်းပစ်ခတ်မှုများကြောင့် နိုဝင်ဘာလ ၁၁ ရက်နေ့မှစ၍ အရပ်သား ၉၃ ဦး သေဆုံးခဲ့ပြီး၊ ၁၀၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရာ၊ အများစုမှာ ရှမ်းနှင့် ကယားနယ်စပ်ဒေသတစ်လျှောက်ရှိ ပြည်သူများဖြစ်ကြသည်။

ကယားပြည်နယ်၏ မြို့တော်ဖြစ်သည့် လွိုင်ကော်မြို့တွင် မြို့ပေါ်တိုက်ပွဲများကြောင့် ဘာသာရေးအဆောက်အဦများ၊ ဆေးရုံများ၊ လူနေအိမ်များအပါအဝင် အများပြည်သူပိုင်ပစ္စည်းများနှင့် အရပ်သားပိုင်ဆိုင်မှု အများအပြား ပျက်စီးခဲ့ရကြောင်း အစီရင်ခံထားသည်။ အရှေ့တောင်ပိုင်းဒေသတွင် တိုက်ပွဲများ အရှိန်မြင့်နေခြင်းကြောင့် မြို့နယ်အများအပြားမှ ပြည်သူ ၂၃၂၅၀၀ ဦးခန့် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ဤအရေးအတွက်တွင် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ လတ်တလောနေရပ်စွန့်ခွာခဲ့ရသည့် ကော့ကရိတ်မြို့နယ်ရှိ ကျုံဒိုးနှင့် ကော့ကရိတ်မြို့တို့မှ ပြည်သူ ၄၀၀၀၀ ခန့်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျိုက်ဒုံနှင့် ကြာအင်းဆိပ်ကြီးမြို့တို့မှ ပြည်သူ ၇၀၀၀ ခန့်၊ ကျောက်ကြီးမြို့နယ်ရှိ မုန်းမြို့နှင့် အနီးတဝိုက်မှ ပြည်သူ ၃၀၀၀ ခန့် ပါဝင်သည်။ ဤကိန်းဂဏန်းများမှာ ရှေ့ပြေး သတင်းပေးပို့ချက်များ ဖြစ်ပြီး၊ စိစစ်အတည်ပြုနေဆဲဖြစ်သည်။ အခြေအနေတည်ငြိမ်မှုမရှိခြင်းနှင့် နေရပ်စွန့်ခွာရမှု၏ သဘောသဘာဝကြောင့် ကိန်းဂဏန်းများအား အတည်ပြုရန် အခက်အခဲရှိပါသည်။ လူသားချင်းစာနာမှုအဖွဲ့အစည်းများသည် ဘာသာရေးခေါင်းဆောင်များ၊ အခြားသော အကျိုးသက်ဆိုင်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အကူအညီများကို ပေးအပ်နေကြသည်။ သို့ရာတွင် အထူးသဖြင့် စားနပ်ရိက္ခာ၊ အမိုးအကာပစ္စည်း၊ ဆေးဝါးပစ္စည်း၊ စောင်များ၊ ခြင်ထောင်များအပါအဝင် လူသားချင်းစာနာမှုလိုအပ်ချက်များ ပိုမိုမြင့်တက်လာနေပါသည်။ ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကယားပြည်နယ်မှ နေရပ်စွန့်ခွာ၍ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ခိုလှုံနေရသည့် IDPs များ၏ လိုအပ်ချက် ဆန်းစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် အကူအညီများကို ဖြန့်ဝေပေးရန် ကြိုးပမ်းနေသော်လည်း၊ ခရီးသွားခွင့်ပြုမိန့်များ ရရှိရန် ဆက်လက်စောင့်ဆိုင်းနေရဆဲဖြစ်သည်။

## အဓိကစိန်ခေါ်မှုများနှင့် အကူအညီပေးရန်လစ်ဟာမှုများ

- တိုက်ပွဲများအရှိန်မြင့်လာခြင်းကြောင့် အကူအညီပေးအပ်ရေးကို ကြီးမားစွာ ထိခိုက်စေပြီး၊ လူသားချင်းစာနာမှု တုံ့ပြန်ဆောင်ရွက်သူများအတွက် လုံခြုံရေးအန္တရာယ်ဖြစ်နိုင်ခြေများကို ပိုမိုကြုံတွေ့ရစေသည်။ အရေးကြီးအကူအညီများ ပေးအပ်မှုကို ရှုပ်ထွေးစေပြီး၊ ဘေးဒဏ်သင့်ပြည်သူများ၏ ထိခိုက်လွယ်မှုကို ပိုဆိုးလာစေသည်။
- ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆက်လက်ပြတ်တောက်နေခြင်းကြောင့် ဘေးဒဏ်သင့်ပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို လည်းကောင်း၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအတွက် အရေးကြီးသော လိုအပ်ချက်ဆန်းစစ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကို လည်းကောင်း ကြန့်ကြာစေပါသည်။ ပဋိပက္ခကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် ငွေကြေးနှင့် လူသုံးကုန်ပစ္စည်းများ ရှားပါးလာခြင်းနှင့်အတူ မရှိမဖြစ်လိုအပ်သော ပစ္စည်းများအတွက် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် လတ်တလော နေရပ်စွန့်ခွာလာရသူများအား ကူညီပေးနေသည့် အိမ်ရှင်ရပ်ရွာလူထုအတွက် ပိုမိုကျပ်တည်းစေပါသည်။
- မြန်မာနိုင်ငံ၏ ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် (HRP) အတွက် ရန်ပုံငွေ လိုအပ်ချက်၏ ၂၉ ရာခိုင်နှုန်းကိုသာ ရရှိထားသေးသည်။ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများက မြန်မာနိုင်ငံတွင် မြင့်တက်လာနေသော လိုအပ်ချက်များကို ထိရောက်စွာဖြင့် အရှိန်မြှင့်တင်ကူညီပေးနိုင်ရေးအတွက် ရန်ပုံငွေများကို အဆောတလျင်ထောက်ပံ့ပေးရန် အရေးတကြီးလိုအပ်နေပါသည်။

*** ဤသတင်းလွှာပါ အချက်အလက်များသည် မြေပြင်ရှိ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များထံမှ ကနဦးပေးပို့သောအချက်အလက်များကို အခြေခံထားသည်။ အခြေအနေမှာ တည်ငြိမ်မှုမရှိဘဲ၊ ခန့်မှန်းထားသော ကိန်းဂဏန်းများသည်လည်း အပြောင်းအလဲရှိနိုင်ပါသည်။*

သတင်းအချက်အလက် ထပ်မံသိရှိလိုပါက ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန်
**Sajjad Mohammad Sajid,** Head of Office, sajid@un.org
**Danielle Parry,** Deputy Head of Office, parryd@un.org, +95 9797002713 (Phone/Signal)
**ပိုမိုသိရှိလိုပါကဝင်ရောက်ကြည့်ရှုရန် -** https://www.facebook.com/OCHAMyanmar; https://twitter.com/ochamyanmar;